# သာမန်ကာလ (၂၉)ကြိမ်မြောက် တနင်္ဂနွေနေ့

ရှင်မာကု ၁၀း၃၅-၄၅

ယနေ့ ဖတ်ရတဲ့ ပထမကျမ်းစာ ဟေရှာယကျမ်း ၅၃း၁၁ မှာ "ငါ၏ကျွန်ဖြောင့်မတ်သောသူသည် လူများတို့အား ဖြောင့်မတ်ခြင်းကို ပေးလိမ့်မည်။ သူတို့၏အပြစ်ဒဏ်များကိုလည်း သူသည် ခံထမ်းလိမ့်မည်။" လို့ ရေးထားပါတယ်။ လူတစ်ချို့က ခရစ်ယာန်ဘာသာကို ဘယ်လိုထင်ကြသလဲဆိုတော့ လူတွေက အပြစ်လုပ်တယ်။ ဘုရားက လူတွေရဲ့အပြစ်ဒဏ်ကို ခံထမ်းပေးတယ်။ ဒါကို ယုံကြည်တဲ့လူတွေက ထာဝရအသက်ကို ရလိမ့်မယ်၊ ငရဲဒဏ်ကနေ လွတ်မြောက်သွားမယ် လို့ ပေ့ါပေ့ါဆဆ ထင်နေကြပါတယ်။ လူတွေက အပြစ်လုပ်တာဖြစ်လို့ လူတွေပဲ ဒဏ်ခံသင့်တာပေ့ါ။ ဒါဆိုရင် လူတွေက အပြစ်တွေကို ကြိုက်သလိုလုပ်၊ လုပ်ချင်သလောက်လုပ် - ဘုရားက ငါတို့ခံရမည့် အပြစ်ဒဏ်ကို ခံထမ်းပေးလိမ့်မယ်။ ငါတို့က ဘယ်လောက်ပဲအပြစ်လုပ်လုပ် ငါတို့သေရင် ကောင်းကင်ဘုံကို အလိုအလျောက် ရောက်လိမ့်မယ်လို့ ပေ့ါပေ့ါဆဆ ထင်နေကြတာဟာ မှားပါတယ်။

ဘာသာသူတို့ ကိုယ်လုပ်တဲ့အပြစ်အတွက် နောင်တမရပဲ ဘယ်တော့မှ ကိုယ့်အပြစ်ကနေ လွတ်မသွားပါဘူး။ မှန်ပါတယ်၊ ကျနော်တို့လုပ်တဲ့အပြစ်က ဘုရားကို ထိခိုက်တဲ့အပြစ်၊ ကြီးလေးတဲ့အပြစ်ဖြစ်လို့ ကျနော်တို့လူတွေဘက်က တန်ရာတန်ကြေးအလျောက် အကုန်အစင် ဒဏ်ဆပ်ဖြေနိုင်မှာ မဟုတ်ပါဘူး။ ဒါပေမဲ့ ကောင်းမြတ်တဲ့ဘုရားသခင်က နောင်တရတဲ့ကျနော်တို့ကို လုံးဝခွင့်လွှတ်တော်မူပါတယ်။ ကျနော်တို့ဘက်က နောင်တရရင် ဘုရားဘက်က ခွင့်လွှတ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဘုရားက ကောင်းမြတ်လို့/ ဘုရားက သနားတတ်လို့/ ဘုရားက ခွင့်လွှတ်တတ်လို့ ဖြစ်ပါတယ်။ ကောင်းမြတ်တာ/ ချစ်တတ်တာ/ ခွင့်လွှတ်တတ်တာ/ သနားတတ်တာတွေက ဘုရားရဲ့ဂုဏ်အင်္ဂါတွေ ဖြစ်ပါတယ်။ လူက နောင်တရလိုက်တိုင်း၊ နောင်တရလိုက်တိုင်း ဘုရားက အပြစ်ခွင့်လွှတ်ပါတယ်။ ဘုရားက မခွင့်လွှတ်နိုင်လောက်အောင် ကြီးလေးတဲ့အပြစ်ဆိုတာ တစ်ခုမျှ မရှိပါဘူး။ ဒါကို တရားသဖြင့် ဖြစ်စေဖို့ သားတော် ယေဇူးဘုရားရှင်က လက်ဝါးကားတိုင်ပေါ်မှာ အသေခံတော်မူတာပါ။

ဘုရားက လူကို အပြစ်မှကယ်တင်တာက ဒုက္ခခံတဲ့နည်းနဲ့ ကယ်တင်တာ မဟုတ်ပါဘူး။ ချစ်တဲ့နည်းနဲ့ ကယ်တင်တာပါ။ လူကလည်း ဘုရားကို အဲ့ဒီလိုပဲ ပြန်ချစ်ရင် ကယ်တင်ခြင်း ခံကြရပါပြီ။ များများ ဒုက္ခခံလေ များများကုသိုလ်ရလေ မဟုတ်ပါဘူး။ များများချစ်လေလေ များများ ကုသိုလ်ရလေလေ၊ များများချစ်လေလေ များများကယ်တင်ခံရလေလေပါပဲ။

တစ်ချို့လူတွေ ထင်နေကြတာက သခင်ယေဇူးက ကားတိုင်ပေါ်မှာ သွေးသံရဲရဲနဲ့ အကြီးအကျယ် ဒုက္ခခံတာကို ခမည်းတော်ဘုရားက ကြည့်ပြီးတော့ ကျေနပ်ပြီး/ပြုံးပြီးတော့ "အေး အခုတော့ ငါကျေနပ်ပြီ၊ အခုကစပြီး လူတွေ ကျူးလွန်တဲ့အပြစ်တွေကို ငါ ခွင့်လွှတ်တော့မယ်" လို့ တစ်ချို့လူတွေက ယူဆနေကြတာ မှားပါတယ်။ ဘုရားဆိုတာ ခွင့်လွှတ်တတ်တယ်။ ဒါမှ ဘုရားက ကောင်းမြတ်တယ်လို့ ဆိုနိုင်တော့မှာပေ့ါ။ ဒ့ါအပြင် ဘုရားက တရားမျှတရပါသေးတယ်။

ဆိုလိုတာက သင့်မှာ အပြစ်ရှိရဲ့သားနဲ့ ဘုရားက သင် နောင်တမရလည်း သင့်ကို ခွင့်လွှတ်မှာလို့ မထင်ပါနဲ့။ နောင်တ မရတဲ့သူကို အပြစ်ခွင့်လွှတ်ပေးရင် ဘယ်တရားတော့မှာလဲ။ အပြစ်ရှိတာ အပြစ်ရှိတာပါပဲ။ ကောင်းတာလုပ်ရင် ကောင်းတာဖြစ်မယ်၊ မကောင်းတာလုပ်ရင် မကောင်းတာ ဖြစ်မယ်ဆိုတာကိုလည်း လက်ခံပါတယ်။

ယနေ့ဖတ်ရတဲ့ ဒုတိယကျမ်း ဟေဗြဲဦးဩဝါဒစာမှာ "ယုံကြည်ကိုးစားခြင်းနှင့် ကျေးဇူးတော်ရှင်ထံတော်သို့ ချဉ်းကပ်ကြစို့" လို့ ရှင်ပေါလူးက ရေးသားထားပါတယ်။ ဘုရားသခင်ရဲ့ ကျေးဇူးတော်က လူကို ပြောင်းလဲစေတာပါ။ တခြား ပတ်ဝန်းကျင်ကို ပြောင်းလဲစေတာ မဟုတ်ပါဘူး။ ဥပမာ - "မြန်မာနိုင်ငံတော်ကြီးကို ငြိမ်းချမ်းစေတော်မူပါ" လို့ ငြိမ်းချမ်းရေး ဆုကျေးဇူးတော်ကို တောင်းခံတဲ့အခါ ဘုရားက မြန်မာနိုင်ငံတော်ကြီးကို "ငြိမ်းချမ်းစေ" ဆိုပြီး တစ်ခါတည်း လုပ်မပေးလိုက်ပါဘူး။ လူတွေကို ငြိမ်းချမ်းချင်တဲ့စိတ် ရှိလာအောင် ကျေးဇူးတော် ပေးမှာဖြစ်ပါတယ်။ မျက်လှည့်ပြသလို ပတ်ဝန်းကျင်အခြေအနေကို ပြောင်းလဲစေတာ မဟုတ်ပါဘူး။ ပါဝင်ပတ်သက်နေတဲ့လူတွေရဲ့စိတ်ကို ပြောင်းလဲစေတဲ့ကျေးဇူးကိုပဲ ပေးတော်မူပါတယ်။ ဒါ့ကြောင့် ကျနော်တို့ အိမ်ကောင်းကြီးပေးပွဲ လုပ်ကြတဲ့အခါ အိမ်ကို ကောင်းကြီးပေးတာထက် အဲဒီအိမ်မှာနေတဲ့လူတွေကို ကောင်းကြီးပေးတာဆိုရင် ပိုပြီး မှန်ပါလိမ့်မယ်။ ကား ကောင်းကြီးပေးတဲ့အခါလည်း ဒီလိုပါပဲ။ ကားက သူ့ဟာသူ နေ နေတာပါ။ ကားမောင်းတဲ့သူကသာ မူးပြီး သတိလက်လွတ် မောင်းမှာစိုးလို့ ကားကို ကောင်းကြီးပေးတာထက် ကားမောင်းမည့်သူတွေကို ကောင်းကြီးမင်္ဂလာ ကျေးဇူးတော်ပေးတာဆိုရင် ပိုမှန်ပါလိမ့်မယ်။

ဒါကြောင့် ဘုရားသခင်ရဲ့ ကျေးဇူးတော်က လူတွေကို နောင်တရစေတဲ့ကျေးဇူး ပေးတာပါ။ လူတွေက အဲဒီကျေးဇူးကို လက်ခံပြီး နောင်တရကြတယ်ဆိုရင် အပြစ်မှ ခွင့်လွှတ်ခံကြရလို့ အပြစ်ဒဏ်ကနေ လွတ်မြောက်ကြရတာပါ။ ယနေ့ ရှင်မာကု ဧဝံဂေလိကျမ်းစာမှာ "လူသားသည် မိမိ၏အသက်ကို စွန့်၍ လူများစွာကို ကယ်တင်ခြင်းငှါ ကြွလာသည် ဟု မိန့်တော်မူ၏။" ဆိုတာ ဒါကို ဆိုလိုရင်း ဖြစ်ပါတယ်။

ဒါကြောင့် ခရစ်ယာန်ဝါဒမှာ အလိုလိုနေရင်း / အချောင်နေရင်းနဲ့ ထာဝရအသက်ရတာ၊ ကောင်းကင်ဘုံကို ရောက်ရတာတွေဟာ မှားယွင်းတဲ့ အယူအဆတွေဖြစ်ပါတယ်။ နောင်တရစရာ မလိုပဲ ကောင်းကင်ဘုံကို ဝင်နိုင်တယ်ဆိုတာ မှားယွင်းတဲ့အယူဝါဒပဲ ဖြစ်ပါတယ်။ ဘုရားသခင်က လူကို ကြည့်တဲ့အခါ လူရဲ့ အပေါ်ယံအပြုအမူကို ကြည့်တာမဟုတ်ပဲ သင့်ရဲ့ စိတ်နှလုံးသားကို ကြည့်ပါတယ်။ သင့်စိတ်နှလုံးသားထဲက နောင်တ ရတာကို ဘုရားသခင်က သိမြင်တော်မူပါတယ်။ ဒါကြောင့် အသင်းတော်ကြီးက ဘယ်သူတွေကတော့ ကောင်းကင်ဘုံကို ဝင်ရောက်သွားပြီ/ ရဟန္တာ ဖြစ်သွားပြီလို့သာ ကြေငြာတာပဲ ရှိခဲ့ဖူးပါတယ်။ ဘယ်သူ ငရဲရောက်သွားပြီလို့ တစ်ခါမှ မကြေငြာဖူးပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီလူက နောင်တရ/မရ ကျနော်တို့မှ မသိတာပဲ။ နောက်ပြီး ဘုရားသခင်ရဲ့ ခွင့်လွှတ်တတ်ခြင်းက ဘယ်လောက်တောင် ကြီးမားသလဲဆိုတာ ကျနော်တို့မှ မသိနိုင်တာပဲ။ သေချာတာကတော့ ဘုရားဆိုတာ ကောင်းမြတ်တယ်။ ဘုရားဆိုတာ ခွင့်လွှတ်တတ်တယ်။ ဘုရားဆိုတာ ချစ်တတ်ပါတယ်။ ဒါက အသေချာဆုံးပါပဲ။

နားဆင်သူအားလုံးအပေါ် ဘုရားသခင့် ကောင်းကြီးမင်္ဂလာများ ခံစားကြရပါစေ။